ဟို့ ကို င်း ဒိုး နို င် ငံ ခြား သား ဆွေ နွေး စ င် တာ

၂၀၂၅ခုနှစ် (令和7)

နှစ်ကုန်အခွန်ညှိနှိုင်းခြင်း

အမျိုးသားအခွန်ဌာန၏လက်ကမ်းစာစောင် "၂၀၂၅ခုနှစ်အတွက် နှစ်ကုန်အခွန်ညှိနှိုင်းမှုလုပ်ဆောင်နည်း" ကိုအခြေခံ၍ပြုလုပ်သည်

နှစ်ကုန်အခွန်ညှိနှိုင်းခြင်းဆိုသည်မှာ ?



လစာပေးသူများသည် လစဉ် (နေ့စဉ်) လစာပေးဆောင်သည့်အခါ ဝင်ငွေခွန်နှင့် အခြားအခွန်များကို နုတ်ယူရန် လိုအပ်သော်လည်း တစ်နှစ်တာအတွက် နုတ်ယူထားသော အခွန်စုစုပေါင်းပမာဏသည် လစာရရှိသူမှ ၎င်းတို့၏ တစ်နှစ်တာအတွက် စုစုပေါင်းလစာ (နှစ်စဉ်အခွန်) တွင် ပေးဆောင်ရမည့် အခွန်ပမာဏနှင့်ကိုက်ညီမှုမရှိခြင်း ဖြစ်ပွားလေ့ရှိခြင်းသည်မထူးဆန်းပါ။

ဤကွာဟချက်ကို ဖြေရှင်းရန်အတွက်၊ တစ်နှစ်တာအတွက် စုစုပေါင်းလစာကို အပြီးသတ်သည့် နှစ်ကုန်တွင်၊ ထိုနှစ်အတွက် ပေးဆောင်ရမည့် အခွန်ပမာဏကို မှန်ကန်စွာ တွက်ချက်ရမည်ဖြစ်ပြီး၊သင်ပေးဆောင်ထားသော အခွန်ပမာဏနှင့် ပိုလျှံမှု သို့မဟုတ် လိုငွေပမာဏကို ဆုံးဖြတ်ပြီး၊ ကွာဟချက်ကိုကောက်ခံခြင်း သို့မဟုတ် ပြန်အမ်းခြင်းဖြင့် ဖြေရှင်းရမည်ဖြစ်သည်။ ဤလုပ်ငန်းစဉ်ကို "နှစ်ကုန် အခွန်ညှိနှိုင်းမှု" ဟုခေါ်သည်။

သင့်အလုပ်၌ နှစ်ကုန်ညှိနှိုင်းခြင်းဖြင့်အခွန်ပမာဏာတွက်ချက်မှုလုပ်ဆောင်ပြီးပါက ကိုယ်တိုင်လျှောက်ထားလုပ်ဆောင်ရန်မလိုပါ။နှစ်ကုန်အခွန်ညှိနှိုင်းခြင်းသည်အလွန်အရေးကြီးသောလုပ်ထုံးလုပ်နည်းဖြစ်သည်ဟုသတ်မှတ်နိုင်ပါသည်။

မည်သူသည်နှစ်ကုန်အခွန်ညှိနှိုင်းခြင်းပြုလုပ်ရမလဲ ?

အခြေခံအားဖြင့်၊နှစ်ကုန်အခွန်ညှိနှိုင်းမှုကို အလုပ်ရှင်ထံ "အလုပ်အကိုင်ဝင်ငွေရှာဖွေသူများအတွက် မှီခိုသူနုတ်ယူမှုများ စသော (ပြောင်းလဲမှုများ) ကြေငြာချက်" တင်ပြထားသူအားလုံးပြုလုပ်ရမည်ဖြစ်သည်။သို့သော် အထူးအခြေအနေများတွင် နှစ်ကုန်အခွန်ညှိခြင်း အကျုံးမဝင်သူများလည်း ရှိနိုင်သည်။နှစ်ကုန်အခွန်ညှိခြင်း၏ အကျုံးဝင်သူများနှင့် အကျုံးမဝင်သူများကို အောက်ပါဇယားတွင် စစ်ဆေးနိုင်ပါသည်။

နှစ်ကုန်အခွန်ညှိနှိုင်းမှု အကျုံးဝင်သူများ (၃ပမာ) အောက်ပါအချက်တချက်နှင့်ကိုက်ညီသူများ

1. တနှစ်လုံး အလုပ်အကိုင်ရှိသူ
2. နှစ်အတွင်းပြည်ပရုံးခွဲသို့ အလုပ်ပြောင်းသွားရသောအကြောင်းအရာများကြောင့် ပြည်တွင်းနေထိုင်သူမဟုတ်သောသူ
3. နှစ်အတွင်းအလုပ်ရရှိကာ နှစ်ကုန်ထိ အလုပ်အကိုင်ရှိသောသူ
4. နှစ်အတွင်း အလုပ်ထွက်သွားသူများဖြစ်ပြီး အောက်တွင်ဖော်ပြထားသူများ
   - အလုပ်ထွက်အကြောင်းအရင်းက သေပျောက်ဖြစ်ပါက
   - ဆိုးရွားသော ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ မသန်စွမ်းမှုကြောင့် အလုပ်ထွက်သွားသူများနှင့် အလုပ်ထွက်ချိန်အပေါ် အခြေခံ၍ လက်ရှိနှစ်အတွင်း အလုပ်အကိုင်အသစ် ရှာဖွေနိုင်မည်မဟုတ်ဟု မျှော်လင့်ရသူများ။
   - ဒီဇင်ဘာလတွင်း လစာငွေများ ရရှိပြီးနောက် အလုပ်ထွက်သူများ
   - အလုပ်ထွက်ပြီးနောက် ထိုနှစ်၏ စုစုပေါင်းလစာ က ယန်း ၁၂သိန်း ၃သောင်းအောက်ဝင်သော အချိန်ပိုင်းအလုပ်သမားများ


နှစ်ကုန်အခွန်ညှိနှိုင်းမှု အကျုံးမဝင်သူများ (၃ပမာ) အောက်ပါအချက်တချက်နှင့်ကိုက်ညီသူများ

1. "နှစ်ကုန်အခွန်ညှိနှိုင်းမှု အကျုံးဝင်သူများ" ၌ဖော်ပြထားသူများထဲမှ၊ထိုနှစ်အတွင်းအဓိက လစာဝင်ငွေ က ယန်းငွေ သိန်း ၂၀၀ ကိုကျော်သူများ
2. ၂နေရာထက်ပို၍ လစာဝင်ငွေရသူဖြစ်ပြီး၊တနေရာသောအလုပ်တွင် "မှီခိုသူနုတ်ယူမှုများ စသည်တို့ (ပြောင်းလဲမှုများ) ကြေငြာချက်" တင်ပြထားသူများနှင့် နှစ်ကုန်အခွန်ညှိနှိုင်းမှု မတိုင်မီ 「မှီခိုသူနုတ်ယူမှုများ စသည်တို့ (ပြောင်းလဲမှုများ) ကြေငြာချက်」 ကို တင်ပြထားခြင်းမရှိသူများ
3. နှစ်အတွင်း အလုပ်ထွက်သူဖြစ်၍ "နှစ်ကုန်အခွန်ညှိနှိုင်းမှု အကျုံးဝင်သူများ" မှ (4) နှင့် မကိုက်ညီသူများ
4. ပြည်တွင်းလိပ်စာမရှိသူများ
5. အလုပ်ရှင်တစ်ဦးတည်းထံတွင် အဆက်မပြတ် အလုပ်မခန့်ခံရသူများ တနည်းအားဖြင့် နေ့စားအလုပ်သမားများ

သတိ။နှစ်ကုန်အခွန်ညှိမှု အကျုံးမဝင်သူများသည် သတ်မှတ်နောက်ဆုံးချိန်မတိုင်မီ ကိုယ်တိုင်လျှောက်လွှာတင်ပြီးအခွန်တွက်ချက်ခြင်း ပြုလုပ်ရမည်ဖြစ်သည်။

နှစ်ကုန်အခွန်ညှိနှိုင်းမှုသည် ဘယ်တော့ပြုလုပ်ပါသလဲ ?

နှစ်ကုန်အခွန်ညှိနှိုင်းခြင်းသည် တစ်နှစ်တာ၏ နောက်ဆုံးလစာကိုပေးသောအချိန်တွင် ပြုလုပ်သောကြောင့် ယေဘူယျအားဖြင့် ၁၁ လပိုင်းမှ စတင်ပြီး ၁၂ လပိုင်းတွင် ပြုလုပ်လေ့ရှိသည်။နှစ်ကုန်အခွန်ညှိနှိုင်းမှု မပြုရသေးသူများသည် မိမိ၏လုပ်ငန်းခွင်တွင် မေးမြန်းအတည်ပြုကြည့်ပါ။



နှစ်ကုန်အခွန်ညှိနှိုင်းမှု အတွက် ကြေငြာလျှောက်လွှာပုံစံ တင်ဖို့လိုအပ်သလား?

နှစ်ကုန်အခွန်ညှိနှိုင်းခြင်း၌၊အလုပ်တွင် “လျှောက်လွှာအမျိုးမျိုး” တင်ခြင်းဖြင့် ပြန်လည်နုတ်ယူမှုအမျိုးမျိုးကို သင်ရရှိနိုင်ပါသည်။ဘာသာစကားမျိုးစုံဖြင့်ရေးထားသော အမျိုးမျိုးသော လျှောက်လွှာပုံစံကို အမျိုးသားအခွန်ရေးရာ၏ ဝဘ်ဆိုက်တွင်ရှာဖွေနိုင်ပါသည်။



*ယခုနှစ်၏ နှစ်ကုန်အခွန်ပြင်ဆင်ချက်တွင် မှီခိုသူနုတ်ယူခွင့်ရှိသော မှီခိုသူများအတွက် ဝင်ငွေလိုအပ်ချက်များကို မြှင့်တင်ခြင်းနှင့် သတ်မှတ်ထားသော ဆွေမျိုးများအတွက် အထူးနုတ်ယူမှုတစ်ခု ဖန်တီးခြင်းကဲ့သို့သော ပြင်ဆင်ချက်များ ပါဝင်ကြောင်း ကျေးဇူးပြု၍ သတိပြုပါ။

ကြေငြာချက်ပုံစံအမျိုးမျိုး (မှီခို နုတ်ယူမှုကြေငြာချက်ပုံစံများ၊ စသည်)
https://www.nta.go.jp/users/gensen/nencho/shinkokusyo/gaikokugo.htm
ဘာသာစကား။ ။အင်္ဂလိပ်၊တရုတ်၊ပေါ်တူဂီ၊စပိန်၊ဗီယက်နမ်၊ဖိလစ်ပိုင်

ဂျပန်၌နေထိုင်သူမဟုတ်သော ဆွေမျိုးများအတွက် မှီခိုသူ နုတ်ယူခွင့်အရည်အချင်းပြည့်မီသူများအတွက်
https://www.nta.go.jp/publication/pamph/gensen/gaikokugo/02.htm
ဘာသာစကား။ ။ဂျပန်၊အင်္ဂလိပ်၊တရုတ်၊ပေါ်တူဂီ၊စပိန်၊ဗီယက်နမ်၊ဖိလစ်ပိုင်

ဂျပန်နိုင်ငံ၏ တစ်နှစ်လုပ်ခလစာဖြတ်တောက်ခြင်းစနစ်အကျဉ်းချုပ်
https://www.nta.go.jp/publication/pamph/gensen/gaikokugo/07.htm
ဘာသာစကား။ ။ဂျပန်၊ အင်္ဂလိပ်၊တရုတ်၊ပေါ်တူဂီ၊စပိန်၊ဗီယက်နမ်၊ဖိလစ်ပိုင်

အခွန်ညှိနှိုင်းခြင်း၏အမျိုးမျိုးသော ကြေငြာလျှောက်လွှာများ
https://www.nta.go.jp/publication/pamph/nencho/shinkokusyo/index.htm
ဘာသာစကား။ ။ယူကရိန်း

အခွန်စာချုပ်နှင့်ပတ်သက်၍

သင့်မူရင်းနိုင်ငံနှင့် ဂျပန်နိုင်ငံအကြား အခွန်စာချုပ်ချုပ်ဆိုထားပါက "အခွန်စာချုပ်အကြောင်းကြားစာ" တင်သွင်းခြင်းဖြင့် ဝင်ငွေခွန်မှ ကင်းလွတ်ခွင့်ရှိနိုင်ပါသည်။ ဝင်ငွေခွန်မှ ကင်းလွတ်ခွင့်ရှိပါက နှစ်ကုန်အခွန်ညှိနှိုင်းမှုကို ပြုလုပ်ရန်မလိုအပ်ပါ။

အကြောင်းကြားစာမတင်သွင်းသောကြောင့် ဝင်ငွေခွန်ကို ကောက်ခံထားရပါက သင့်လစာပေးသူမှ တစ်ဆင့် အခွန်ရုံးသို့ "အခွန်စာချုပ်အကြောင်းကြားစာ" နှင့် "အခွန်စာချုပ်အရ ကောက်ခံထားရသော အခွန်ပြန်အမ်းငွေတောင်းခံလွှာ (ပုံစံ ၁၁)" တင်သွင်းခြင်းဖြင့် ဝင်ငွေခွန်ပြန်အမ်းငွေကို ရရှိနိုင်ပါသည်။

